# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# ဒသမနေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်
## (၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၁ ဦး ရှိတဲ့အနက် ၃၅၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၄.၀၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၆-၉-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ အစည်းအဝေးမှာ ခွင့်ပန်ကြားတဲ့ သူများစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း ခွင့် ၈ ရက်၊

(၂) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန် ခွင့် ၁ ရက်၊

(၃) ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင် ခွင့် ၁ ရက်၊

(၄) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၁ ရက်၊

(၅) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘငွေး ခွင့် ၁ ရက်၊

(၆) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးကျန်တဲဝမ် ခွင့် ၁ ရက်၊

**မူကြမ်း**

(၇) ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး ခွင့် ၁ ရက်၊

(၈) ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဒေါက်တာကျော်မြင့် ခွင့် ၅ ရက်၊

(၉) မြောင်းမြမဲဆန္ဒနယ်မှ ဦးမန်းကျော်နီ ခွင့် ၁ ရက်၊

(၁၀) ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို ခွင့် ၁ ရက်၊

(၁၁) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၁ ရက်၊

(၁၂) ကနီမဲဆန္ဒနယ်မှ ဦးကျန်ထွန်း ခွင့် ၁ ရက်၊

(၁၃) တံတားဦးမဲဆန္ဒနယ်မှ ဒေါ်ခင်သန္တာ ခွင့် ၁ ရက်၊

(၁၄) ထန်းတပင်မဲဆန္ဒနယ်မှ ဦးစိန်ထွန်း ခွင့် ၁ ရက်၊

(၁၅) ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း ခွင့် ၁ ရက်နှင့်

(၁၆) မှော်ဘီမဲဆန္ဒနယ်မှ ဦးကြည်မြင့် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅၁ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၆ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၆၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက် ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**လင်းခေးမြို့နယ် ဒါးဆိပ်မြစ်ရေတင်စီမံကိန်းလုပ်ငန်းအပေါ် တာဝန်ယူ၊ တာဝန်ခံမှုအနေအထားကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလှကျော်(လင်းခေးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် လူကြီးမင်း လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များအားလုံးကို လေးစားစွာ ဂါရဝပြုပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းနဲ့ဆက်စပ်ပြီး အခြေခံအကြောင်းအရာအနည်းငယ်ကို တင်ပြလိုပါတယ်။ လင်းခေးမြို့နယ်မှာ ၂၀၀၄ ခုနှစ်ကတည်းက အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့တဲ့ ဒါးဆိပ်မြစ်ရေတင်စီမံကိန်းနှင့်ပတ်သက်ပြီး ဒေသဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များကို ၂၀၁၁ ခုနှစ် အောက်တိုဘာလမှာတစ်ကြိမ်၊ ၂၀၁၃ ခုနှစ် စက်တင်ဘာလမှာတစ်ကြိမ်၊ ၂၀၁၄ ခုနှစ် မတ်လမှာတစ်ကြိမ် အသီးသီးတင်ပြမေးမြန်းခဲ့ပြီးပါသော်လည်း အကောင်းဆုံးပြန်လည်ဖြေကြားချက်များဖြင့်သာ ကျေနပ်ခဲ့ရပါတယ်။ ဒါးဆိပ်မြစ်ရေတင်စီမံကိန်းကြီးဟာ စီမံကိန်းစတင်ဆောင်ရွက်ပြီးစီးခဲ့တဲ့ ၂၀၀၄ ခုနှစ်ကတည်းက ယနေ့အထိ ရေပေးဝေရေးလုပ်ငန်းကို မူလစီမံချက်အတိုင်း ကနဦးရည်ရွယ်ချက်အတိုင်း ထိထိရောက်ရောက်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါဘူးခင်ဗျား။ မူလက ဒီဇယ်အင်ဂျင်နဲ့ ရေတင်ပေးရာမှာ စိုက်ပျိုးရေးရာသီတစ်ခုလုံး ရေမပေးနိုင်သလို ပေးတဲ့ရက်တွေမှာလည်းပဲ နာရီအနည်းငယ်နဲ့သာ ရေတင်ပေးနိုင်ခဲ့ပါတယ်။ ရေတင်တဲ့အခါမှာ ရေပိုက်ကြီးနှစ်ခုကို အသုံးပြုပါတယ်။ ရေပိုက်ကြီးနှစ်ခုနဲ့ တစ်ပြိုင်တည်းရေတင်ရင် ပင်မမြောင်းရေလျှံတဲ့အထိဖြစ်ပြီးတော့ ရေပိုက်တစ်လုံးတည်းနဲ့ရေတင်တဲ့အခါမှာ ရေအားနည်းပြီး အောက်ပိုင်းကျတဲ့နေရာအထိ ရေမရောက်နိုင်ကြောင်း တွေ့ရှိရပါတယ်။ ရေပေးဝေနေတယ်ဆိုတဲ့ သုံးနှစ်တာကာလအတွင်းမှာ ပထမဆုံးရေလှောင်ကန်နဲ့နီးစပ်ရာ ၂ ဖာလုံအထိသာ စိုက်ပျိုးမြေများကို ရေမလောက်မငှပေးဝေနေခဲ့ပါတယ်။ အရှည်ပေ ၄၈၀၀၀ ခန့်ရှိတဲ့ ပင်မမြောင်းလက်တံကြီးတစ်ခုလုံးကို ရေတစ်ခါမှမရောက်ခဲ့တဲ့အကြောင်း ဒေသခံများရဲ့မျက်မြင်ကိုယ်တွေ့ အခြေအနေမှန်များဖြစ်ပါတယ်။ တိုင်းရင်းသားဒေသဖွံ့ဖြိုးမှုအစီရင်ခံစာများမှာ လင်းခေးမြို့နယ် မြစ်ရေတင်စီမံကိန်းဟု

ကြီးကြီးမားမားဖော်ပြခံခဲ့ရပါသော်လည်းပဲ လက်တွေ့ပိုင်းမှာ ၁၀ နှစ်ကျော်လွန်လာခဲ့ပေမယ့် ဒေသခံတိုင်းရင်းသားများအတွက် တစ်စုံတစ်ရာသောအကျိုးကျေးဇူး ခံစားရမှုမရှိသေးပါခင်ဗျား။ တစ်ခုဖြစ်သည်နှင့်အညီ ကျွမ်းကျင်ပညာရှင်များရဲ့ ကြိုတင်တွက်ချက်မှု၊ စိစစ်မှုဖြင့် ဆောင်ရွက်ထားပါသော်လည်း ထိရောက်အောင်မြင်တဲ့ရေပေးဝေမှု ဖြစ်မလာနိုင်သေးတာဟာ တစ်စုံတစ်ရာလွဲချော်မှု၊ ချို့ယွင်းမှုများရှိနေတယ်လို့ ဒေသခံပြည်သူများက ထင်မြင်ယူနေကြပါတယ်ခင်ဗျား။ ဒါ့ကြောင့် ဒေသခံပြည်သူများရဲ့ကိုယ်စား အောက်ပါမေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ဒါးဆိပ်မြစ်ရေတင်စီမံကိန်းကို မူလစီမံချက်အတိုင်း ဆက်လက်ဆောင်ရွက်ရန်အခြေအနေရှိ/မရှိနှင့် စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုအခြေအနေများကို သိရှိလိုပါကြောင်း ဒေသခံပြည်သူများရဲ့ကိုယ်စား မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ရှမ်းပြည်နယ်၊ လင်းခေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှကျော်ရဲ့ မေးမြန်းချက်အပေါ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးခင်ဇော်မှ ရှင်းလင်းဖြေကြားပါမယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးမြို့နယ်ရှိ ဒါးဆိပ်မြစ်ရေတင်စီမံကိန်း အကျိုးပြုဧက ၃၄၀၀ တွင် ရေတင်အဆင့်လေးဆင့်ပါဝင်ပြီး ဒီဇယ်အင်ဂျင်မောင်းရေစုပ်စက် ၁၆ လုံး တပ်ဆင်ထားရှိသည့် ဒီဇယ်ရေတင်အဖြစ် ၂၀၀၃-၂၀၀၄ ခုနှစ်ကစတင်တည်ဆောက်ခဲ့ပါတယ်။ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီး ၂၀၀၈-၂၀၀၉ ခုနှစ်အထိ စပါးနှင့်အခြားသီးနှံ စုစုပေါင်း ၁၃၅၀ ဧကအား ဒီဇယ်အင်ဂျင်ဖြင့် ရေပေးဝေခဲ့ပါတယ်။ ၂၀၀၉-၂၀၁၀ ခုနှစ်မှစတင်၍ တောင်သူများသို့ ဌာနပိုင်ရေစုပ်စက်များအား ငှားရမ်းပေးပြီး တောင်သူအစီအစဉ်ဖြင့် တစ်ပိုင်တစ်နိုင် ရေတင်စိုက်ပျိုးခဲ့ပါတယ်။

ဒီဇယ်ရေတင်စနစ်ဖြင့် ရေပေးဝေရာတွင် ကုန်ကျစရိတ်နှင့် ပြန်လည်ရရှိမည့်အကျိုးအမြတ်မှာ စီးပွားရေးအရ တွက်ခြေကိုက်ခြင်းမရှိခြင်းကြောင့် စီမံကိန်းအား ဒီဇယ်ရေတင်မှ လျှပ်စစ်ရေတင်အဖြစ် ပြောင်းလဲနိုင်ရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ ၂၀၁၁-၂၀၁၂ ခုနှစ်တွင်

၃၃/၁၁ KV, 2 MVA ဓာတ်အားခွဲရုံတည်ဆောက်ခြင်း၊ 11 KV, HT Line ၀.၇၄ မိုင် တည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်းများနှင့် လျှပ်စစ်မော်တာများအဖြစ် ပြောင်းလဲတပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် လျှပ်စစ်ပိုင်းဆိုင်ရာ ပြောင်းလဲဆောင်ရွက်ခြင်းလုပ်ငန်းများပြီးစီးခဲ့ပြီး ယခုအခါ ဓာတ်အားပို့လွှတ် စမ်းသပ်ဆောင်ရွက်လျက်ရှိပါတယ်။

ဒါးဆိပ်မြစ်ရေတင်စီမံကိန်းအား ၂၀၁၂-၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ အုပ်ချုပ်မှုအောက်သို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်၍ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများအား ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ စီမံကိန်းအား လျှပ်စစ်ရေတင်အဖြစ် ပြောင်းလဲဆောင်ရွက်ခဲ့ပြီးနောက် ရာသီဥတုဒဏ်ကြောင့်ချို့ယွင်းပျက်စီးမှုများ၊ ဖြစ်ပေါ်နေသော မြေသားရေပေးမြောင်းများနှင့် ရေပေးအဆောက်အအုံများ ပြင်ဆင်ထိန်းသိမ်းခြင်း၊ ဖြည့်စွက်တည်ဆောက်ခြင်းလုပ်ငန်းများအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၁၅၆.၂၆၉ သန်းဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။

ဒါးဆိပ်မြစ်ရေတင်စီမံကိန်းတွင် ပြင်ဆင်ပြီးစီးသော ရေသောက်စနစ်မှ ၂၀၁၄-၂၀၁၅ ခုနွေသီးနှံရာသီမှာစတင်၍ ရေတင်အဆင့်နှစ်ဆင့်တွင် နွေစပါးဧက ၆၀၀ အပါအဝင် မိုးစပါးနှင့်အခြားသီးနှံစုစုပေါင်း ၁၆၀၀ ဧကကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ပါတယ်။ ကျန်ရေတင်အဆင့်များမှတိုးတက်ရေပေးဝေနိုင်ရေးအတွက် ဒေသခံတောင်သူများ၏ လိုအပ်ချက်အပေါ်မူတည်၍ ရေပေးမြောင်းနှင့် ရေပေးအဆောက်အအုံများ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် ဖြည့်စွက်တည်ဆောက်ခြင်းလုပ်ငန်းများအား နှစ်အလိုက် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေတွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် စိုက်ဧကပိုမိုတိုးတက်ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ပဲခူး-စစ်တောင်းတူးမြောင်း အဆင့်မြှင့်တင်ပြုပြင်ခြင်းစီမံကိန်း အကောင်အထည်ဖော်မှုနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း) ဝေါနဲ့သနပ်ပင်မြို့နယ်မှာ စစ်တောင်းမြစ်နဲ့ ပဲခူးမြစ်ကို ဖြတ်ဖောက်ထားတဲ့ ပဲခူး-စစ်တောင်းတူးမြောင်းကို လွန်ခဲ့တဲ့နှစ်ပေါင်း ၁၃၆ နှစ်ခန့်က ဖောက်လုပ်ခဲ့တာ ဖြစ်ပြီးတော့ ၃၈ မိုင်ခန့်ရှည်လျားပါတယ်။ အဲဒီတူးမြောင်း

ကြီးဟာ မပြုပြင်တာကြာပြီဖြစ်တဲ့အတွက် နေရာတော်တော်များများမှာ ကျိုးပေါက်ပျက်စီးလာနေတာကြောင့် ပြန်လည်ပြုပြင်ပေးရန် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှာ တင်ပြမေးမြန်းခဲ့တဲ့အခါ တိုင်းတာတွက်ချက်၍ ဘတ်ဂျက်တောင်းခံဆောင်ရွက်ပေးသွားမယ်လို့ ဖြေကြားခဲ့ပါတယ်။ အခုအခါမှာ ပဲခူး-စစ်တောင်းတူးမြောင်း အဆင့်မြှင့်တင်ပြုပြင်ခြင်းကို မျှော်မှန်းထားတာထက် ပိုမိုကောင်းမွန်အကျိုးရှိအောင်လို့ ဆောင်ရွက်ပေးခဲ့တဲ့အတွက် ပြည်သူများမှာ အထူးပဲကျေးဇူးတင် ဝမ်းမြောက်ကြပါတယ်။ စီမံကိန်းကြီးအောင်မြင်ရေးအတွက်ကို နေ့/ညမနား ရာသီကိုလုပြီးတော့ အောင်မြင်အောင်ဆောင်ရွက်ပေးခဲ့တဲ့ တာဝန်ရှိတဲ့ အရာထမ်း၊ အမှုထမ်းနဲ့ ကုမ္ပဏီဝန်ထမ်းတွေကိုလည်း အထူးပဲကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ပဲခူး-စစ်တောင်းတူးမြောင်းကြီး အဆင့်မြှင့်တင်ကောင်းမွန်လာတဲ့အတွက် စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးနဲ့ လယ်ယာစိုက်ပျိုးရေးအတွက် အလွန်ပဲအကျိုးရှိပါတယ်။ အချိန်တိုအတွင်းမှာ ဆောင်ရွက်ရတာကြောင့်လည်း အားနည်းချက်အချို့ ရှိနိုင်ပါတယ်။ ယင်းတို့ကို စောင့်ကြည့်ဖြည့်ဆည်းသွားပြီးတော့ အရှည်တည်တံ့အောင်ထိန်းသိမ်းသွားသင့်ပါတယ်။ တူးမြောင်းကြီးဖောက်လုပ်ရာမှာ ရပ်ကွက်နဲ့ ကျေးရွာအချို့မှာ ရေသွယ်မြောင်းနှင့် ရေထွက်ပေါက်များ မပါရှိတဲ့အတွက်လည်း မိုးများစွာရွာသွန်းတဲ့အခါ ရေကြီးရေလျှံမှုတွေဖြစ်ပါတယ်။ နွေစပါး ရေသွင်းပြွန်ပေါက်များ ပိတ်သွားတဲ့အတွက်လည်း နွေစပါးစိုက်ဧက ၄၀၀၀ ခန့်စိုက်ပျိုးရေးအခက်အခဲရှိနိုင်ပါတယ်။ အဲဒီအတွက်လည်း တောင်သူလယ်သမားများက စိုးရိမ်ကြောင့်ကြစွာနဲ့ တင်ပြလာတဲ့အတွက် နွေစပါးစိုက်ပျိုးချိန်အမီ ဖောက်လုပ်ပေးဖို့ကိုလည်း တင်ပြအပ်ပါတယ်။ ပြီးတော့ တာပေါင်၊ တာရိုးနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ရေကျော်ကျေးရွာ၊ ငချည်ပိုင်းရပ်ကွက်ကနေပြီးတော့ ခရမ်းကျေးရွာမြောက်ပိုင်းအထိကို ကမ်းများမပြိုအောင်လည်း တစဆက်တစ်စပ်တည်း ဆောင်ရွက်ပေးစေလိုပါတယ်။

ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ ပဲခူး-စစ်တောင်းတူးမြောင်း အဆင့်မြှင့်တင်ပြုပြင်ခြင်းစီမံကိန်းနှင့်ပတ်သက်လို့ အချိန်ကာလသတ်မှတ်ခြင်း၊ ငွေကြေးကုန်ကျမှု၊ ပြီးစီးမှုအတိုင်းအတာ၊ ရေရှည်ထိန်းသိမ်းမယ့် အစီအမံများနဲ့ တူးမြောင်းရဲ့ ပေ ၄၄၀၀ နဲ့ ပေ ၈၈၀၀ နေရာများမှာ ရေသွင်းပြွန်ပေါက်များ လာမယ့်နွေစပါးစိုက်ပျိုးချိန်အမီ ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မိုးကြီးတဲ့အခါရေကြီးရေလျှံဖြစ်လာတဲ့ ရပ်ကွက်/ကျေးရွာတွေမှာ ရေမြောင်းများနဲ့ ရေထွက်ပေါက်များပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိသိလိုပါကြောင်း လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ပဲခူးတိုင်း ဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးရဲ့ မေးမြန်းချက်အပေါ် ကျွန်တော်ဆက်လက်ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ သနပ်ပင် မြို့နယ်နှင့် ဝေါမြို့နယ်အတွင်းရှိ ပဲခူး-စစ်တောင်းတူးမြောင်း အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းစီမံ ကိန်းအား ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ် မေလတွင် စီမံကိန်း၏ အဓိက လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ စီမံကိန်း၏ အဓိကလုပ်ငန်းများ ပြီးစီးသည်ဆိုသော် လည်း လိုအပ်ချက်များကို အသေးစိတ်စစ်ဆေး၊ စောင့်ကြည့်၊ ဖြည့်စွက်ဆောင်ရွက်ဆဲကာလ ဖြစ်ပါ တယ်။

ရေတံခါးများ အဆင့်မြှင့်တင်ပြုပြင်ခြင်း၊ ရေသွင်းရေထုတ်မြောင်းများတူးဖော်ခြင်း၊ ရေသွင်း ရေထုတ်အဆောက်အအုံများ တည်ဆောက်ခြင်း၊ သနပ်ပင်မြို့နယ် တာဝရေတံခါးမှ ဝေါမြို့နယ် မြစ်ကျိုးရေတံခါးအထိ ၃၇ မိုင် ၇ ဖာလုံအတွင်း တာပုံစံကျမြေဖို့ခြင်းနှင့် တူးမြောင်းတူးဖော်ခြင်း၊ ဂဝံ လမ်းခင်းခြင်းနှင့် ပဲခူး-စစ်တောင်းတူးမြောင်းနှင့် ဆက်စပ်နေသော ရေနုတ်မြောင်းများတူးဖော်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ရန်ပုံငွေကျပ် ၂၅ ဘီလီယံ အကုန်အကျခံ၍ ဆောင်ရွက်ခဲ့ပါ တယ်။

ပဲခူး-စစ်တောင်းတူးမြောင်းကို ရေရှည်ထိန်းသိမ်းမည့် အစီအစဉ်နှင့်ပတ်သက်၍ စီမံကိန်း ကာလကုန်ဆုံးသည့်နောက်ပိုင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစ၍ ပဲခူးတိုင်းဒေသကြီး၊ ဆည်မြောင်း ဦးစီးဌာနအနေဖြင့် ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ပြီး တာပေါင်ပေါ်ရှိ ဂဝံလမ်း၊ အလျား ၃၇ မိုင် ၇ ဖာလုံအား သက်ဆိုင်ရာမြို့နယ်နှင့် ကျေးရွာများရှိ အုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာအထောက်အကူပြု အဖွဲ့အစည်းများနှင့် ဆည်မြောင်းဦးစီးဌာနတို့ ပူးပေါင်း၍ ထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ပါ တယ်။

နွေစပါးစိုက်ပျိုးရာတွင် စိုက်ပျိုးရေအခက်အခဲမရှိစေရန်အတွက် ဒေသ၏လိုအပ်ချက်ဖြစ် သည့် ပဲခူး-စစ်တောင်းတူးမြောင်း ပေတိုင် ၄၄၀၀ နှင့် ပေတိုင် ၈၈၀၀ နေရာများရှိ ရေသွင်းပြွန်ပေါက်

များကို လာမည့် နွေစပါးစိုက်ပျိုးချိန်အမီ ဖောက်လုပ်ပေးရန် စီစဉ်ထားသည့်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

မိုးရွာသွန်းမှုများပြားသည့်အချိန်တွင် ရေကြီးရေလျှံမှုများမဖြစ်ပေါ်စေရန် ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာများနှင့် ဆည်မြောင်းဦးစီးဌာနတို့ ပူးပေါင်း၍ ရပ်ကွက်/ကျေးရွာများတွင် ရေနုတ်မြောင်းများနှင့် ရေထွက်ပေါက်များအား လိုအပ်ချက်အပေါ်မူတည်ပြီး စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**လယ်မဲ့ယာမဲ့လက်လုပ်လက်စားများအတွက် လယ်ယာမြေများဖော်ထုတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်မြင့်၊ ဂန့်ဂေါမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်မြင့်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံအဝန်းရှိ လယ်မဲ့ယာမဲ့ လက်လုပ်လက်စားများရဲ့ ပြည်သူများအကျိုးအတွက် မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ နိုင်ငံတော်အစိုးရသစ်လက်ထက်မှာ ပြည်သူများဆင်းရဲနွမ်းပါးမှုလျော့ကျစေရေးအစီအစဉ်များကို စီမံကိန်းများချမှတ်၍ ဆောင်ရွက်ပေးလေ့ရှိပါတယ်။ လယ်ယာမြေရှိကြတဲ့ တောင်သူလယ်သမားများအတွက် လယ်တစ်ဧကလျှင် ၁၀၀၀၀၀ ကျပ်၊ ယာတစ်ဧကကို ၂၀၀၀၀ ကျပ်နှုန်းတို့နဲ့ အလွန်သက်သာတဲ့အတိုးနှုန်းဖြစ်တဲ့ ၁၀၀ ကျပ်လျှင် တစ်လကို ၄၅ ပြားနှုန်းအတိုးနဲ့ ချေးပေးလျက်ရှိပါတယ်။ အလားတူသမဝါယမဝန်ကြီးဌာနကလည်း လယ်ယာမြေရှိကြတဲ့ တောင်သူလယ်သမားများကို အတိုးနှုန်းသက်သာစွာနဲ့ ချေးပေးနေလျက်ရှိပါတယ်။ ယခုလို အစိုးရသစ်လက်ထက်မှာ နိုင်ငံတော်မှ လယ်ယာမြေရှိကြတဲ့တောင်သူလယ်သမားများအတွက် သက်သာသောအတိုးနှုန်းထားများနှင့် အရင်းအနှီးငွေကြေးများချေးပေးခြင်း၊ ဆည်မြောင်းတာတမံများ တည်ဆောက်ပေး၍ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ လယ်ယာမြေဥပဒေသစ်များ ပြဋ္ဌာန်းပေးခြင်းနှင့် တောင်သူလယ်သမားများ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေတွေကိုလည်း ပြဋ္ဌာန်းပေးခဲ့မှုများဟာ ဆင်းရဲနွမ်းပါးမှုလျော့ကျစေရန်

ဆောင်ရွက်ပေးနေခြင်းများပဲ ဖြစ်တယ်ဆိုတာကို အားလုံးအသိပဲဖြစ်ပါတယ်။ လယ်ယာမြေရှိကြတဲ့ တောင်သူလယ်သမားများကလည်း ယခုလိုဆောင်ရွက်ပေးနေတဲ့ နိုင်ငံတော်အား အထူးကျေးဇူးတင်မဆုံးဖြစ်နေကြပြီဖြစ်ပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမြေများရှိကြတဲ့ တောင်သူလယ်သမားများရဲ့ အကျိုးစီးပွားများအတွက်သာမကဘဲ လယ်မဲ့ယာမဲ့လက်လုပ်လက်စား ဆင်းရဲသားပြည်သူများရဲ့ စားဝတ်နေရေးအဆင်ပြေစေရေးအတွက်ကိုလည်း ချန်မထားခဲ့ဘဲ ဆင်းရဲနွမ်းပါးမှုလျော့ကျစေရန် နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ရပ်ရပ်ဖြင့် စီစဉ်ဆောင်ရွက်ပေးသင့်ပါကြောင်း တင်ပြလိုပါတယ်။ လယ်ယာမြေများဟာလည်း ကျေးလက်တောရွာနေပြည်သူများအတွက် စက်ရုံ/အလုပ်ရုံအငယ်စားလေးများပဲဖြစ်ပါတယ်။ နိုင်ငံတော်မှ လယ်ယာမြေများဖော်ထုတ်ပြီး စိုက်ပျိုးသီးနှံများအထွက်တိုးအောင် ဆောင်ရွက်ပေးခြင်းသည်လည်း နိုင်ငံတော်အတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ရပ်ပဲ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်မဲ့ယာမဲ့လက်လုပ်လက်စား ပြည်သူများအတွက် လယ်ယာမြေများဖော်ထုတ်ပေးခြင်းနှင့် သက်သာသောအတိုးနှုန်းနှင့် ငွေကြေးအရင်းအနှီးများထုတ်ပေးခြင်းတို့အပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် အလုပ်အကိုင် အခွင့်အလမ်းများရရှိရေးဆောင်ရွက်ပေးနိုင်ပါက ထိရောက်သောဆင်းရဲနွမ်းပါးမှုလျှော့ချစေခြင်း လုပ်ငန်းများကို များစွာအထောက်အကူပြုနေလိမ့်မည်ဟုလည်း ယူဆမိပါတယ်။

သို့ဖြစ်ပါ၍ မေးမြန်းလိုတာကတော့ နိုင်ငံအဝန်းရှိ လယ်မဲ့ယာမဲ့လက်လုပ်လက်စား ဆင်းရဲသားပြည်သူများအတွက် လိုအပ်ပြီးသင့်တော်သောကျေးရွာများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် ဆင်းရဲနွမ်းပါးမှုလျော့ကျစေရန် ရည်ရွယ်ပြီး လယ်ယာမြေများဖော်ထုတ်ပေးရန် အစီအစဉ်ရှိ/မရှိသိလိုပါတယ်။ မေးခွန်း(၂) နိုင်ငံအဝန်းရှိ လယ်မဲ့ယာမဲ့လက်လုပ်လက်စားပြည်သူများအတွက် အတိုးနှုန်းသက်သာသော အရင်းအနှီးချေးငွေများကို ချေးပေး၍ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးကာ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်စေရန် နိုင်ငံတော်မှ မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်တို့အား သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်ရဲ့ မေးမြန်းချက်ကိုကျွန်တော်ဆက်လက်ရှင်းလင်း ဖြေကြားပါမယ်ခင်ဗျား။ ကျေးလက်နေပြည်သူလူထုရဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လယ်မဲ့ယာမဲ့များအား မြေလွတ်၊ မြေရိုင်းများ၊ ရေနက်ကွင်းများနှင့် မြေနုကျွန်းများတွင် လယ်ယာမြေများဖော်ထုတ်၍လည်းကောင်း၊ တောင်တန်းဒေသပြည်နယ်များတွင် ရွှေ့ပြောင်းတောင်ယာများကို လှေကားထစ်လယ်ယာမြေအဖြစ် ဖော်ထုတ်၍လည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် မြေယာစီမံခန့်ခွဲရေးအဖွဲ့များ၏ စီမံမှုဖြင့် ခွဲဝေချထားပေးပါတယ်။ မိမိအစီအစဉ်ဖြင့် ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်လိုသူများမှ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၅ အရ လျှောက်ထားလာပါက ဧက ၅၀ ထက်မပိုသော မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို စီမံခန့်ခွဲရေးအဖွဲ့များမှ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ခွင့်ပြုပေးလျက်ရှိပါတယ်။

လယ်မဲ့ယာမဲ့ လက်လုပ်လက်စား ဆင်းရဲသားပြည်သူများအတွက် လယ်ယာမြေအသစ်ဖော်ထုတ်ရေးကိစ္စမှာလည်း လိုအပ်ချက်အမှန်ရှိသော ပြည်သူလူထုနှင့် လက်ရှိဖော်ထုတ်ရရှိနိုင်သည့်မြေပြင်အခြေအနေပေါ်မူတည်၍ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ စနစ်တကျစီမံဆောင်ရွက်မှသာလျှင် အောင်မြင်ထိရောက်နိုင်မည် ဖြစ်ပါတယ်။ အစိုးရသစ်တာဝန်ယူသည့်အချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ် မုတ္တမပင်လယ်ကမ်းစပ်တွင် ပေါ်ထွန်းလာသည့်မြေလွတ်ဧက ၂၂၆၈ ဧကကို ဖော်ထုတ်၍လည်းကောင်း၊ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၌ မြေလွတ်၊ မြေလပ်ဧက ၁၀၂၇ ဖော်ထုတ်၍လည်းကောင်း၊ လှေကားထစ်လယ်ယာကို ချင်းပြည်နယ်တွင် ၁၀၃၅ ဧက၊ ရှမ်းပြည်နယ်တွင် ၁၁၆၀ ဧက၊ ကယားပြည်နယ်တွင် ၃၀၀ ဧက ဖော်ထုတ်၍လည်းကောင်း လယ်မဲ့ယာမဲ့များအပါအဝင် ဒေသခံတောင်သူများအား လုပ်ပိုင်ခွင့်ချထားပေးခဲ့ပါတယ်။

အခြားတိုင်းဒေသကြီး/ပြည်နယ်အချို့တွင် စိုက်ပျိုးမြေအဖြစ် ဖော်ထုတ်နိုင်မည့် မြေရိုင်းများ၊ ရေနက်ကွင်းများ၊ မြေနုကျွန်းများရှိသော်လည်း ရန်ပုံငွေအခက်အခဲကြောင့် လယ်မဲ့ယာမဲ့များအတွက်ဖော်ထုတ်ပေးနိုင်ခြင်းမရှိသေးပါ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရများ၏ ရန်ပုံငွေဖြင့် လယ်ယာမြေ

ဖော်ထုတ်ပေးရန် ဆောင်ရွက်သည့်အခါတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လိုအပ်သည့် စက်ယန္တရားနှင့်ကျွမ်းကျင်ဝန်ထမ်းများ ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။

သမဝါယမဝန်ကြီးဌာနအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်နှင့်အညီ အသင်းပိုင်ငွေကြေး၊ နိုင်ငံခြားချေးငွေတို့ဖြင့် သမဝါယမအသင်းသား တောင်သူများအား စိုက်ပျိုးစရိတ်ထုတ်ချေးခြင်း၊ လယ်ယာသုံးစက်ကိရိယာများဝယ်ယူနိုင်ရန် ထုတ်ချေးပေးခြင်းတို့အပြင် လယ်မဲ့၊ ယာမဲ့နှင့် လက်လုပ်လက်စားများအနေဖြင့် အမှန်တကယ်အလုပ်ကို ကြိုးကြိုးစားစားလုပ်ကိုင်သူ၊ မိမိကိုယ်တိုင် တစ်ပိုင်တစ်နိုင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဥပမာ- မွေးမြူရေး၊ ဈေးရောင်း၊ အိမ်တွင်းလက်မှုလုပ်ငန်းတို့ကို လုပ်ကိုင်လိုသူများအား ဝိုင်းကြီးချုပ်စနစ်ဖြင့် သမဝါယမအသင်းများဖွဲ့စည်းစေပြီး သက်ဆိုင်ရာ ကျေးရွာ/ရပ်ကွက် ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့များ၊ ဒေသအာဏာပိုင်များ၏ တာဝန်ခံမှုအရ သက်သာသော အတိုးနှုန်းဖြင့် သတ်မှတ်ကာလပြည့်လျှင် အတိုး၊ အရင်း အပြေအကြေပေးဆပ်စေသည့်စနစ်ဖြင့် ထုတ်ချေးပေးခြင်း၊ အသေးစားအရင်းအနှီး ချေးငွေလုပ်ငန်းများ ဖွဲ့စည်းထူထောင်ပေးခြင်းတို့ကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်ဒေသနေ လက်လုပ်လက်စားနှင့် အလုပ်လက်မဲ့များအား အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးတက်လာစေရန် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ဝင်ငွေရရှိပြီး စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် မြစိမ်းရောင်စီမံကိန်းများကို ကျေးရွာများတွင် အကောင်အထည်ဖော်၍ အရင်းမပျောက်မတည်ငွေများထူထောင်ပြီး အတိုးနှုန်း သက်သာစွာဖြင့် ငွေချေးပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူး တင်ပါတယ်။

**မြန်မာနိုင်ငံအတွင်း၌ နိုင်ငံခြားကုမ္ပဏီများမှ ဆက်သွယ်ရေးလုပ်ငန်းအတွက် လုပ်ကိုင်ဆောင်ရွက်ရာတွင် ပြဿနာများပေါ်လာပါက ဖြေရှင်းပေးရန်အတွက် ကော်မတီ/ကော်မရှင်များဖွဲ့စည်းထားရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်မိမြင့်သန်း၊ ရေးမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ ကြွရောက်လာကြသောဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်းဖြစ်ပါတယ်ရှင်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ရဲ့မြန်မာနိုင်ငံမှာ နိုင်ငံခြားကုမ္ပဏီများဖြစ်တဲ့ တယ်လီနောနဲ့အော်ရီဒူးတို့မှာ ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။ ၎င်းဆက်သွယ်ရေးကိစ္စနှင့် ပတ်သက်၍ ကျွန်မအနေနဲ့သိရှိထားတဲ့ ဥပမာတစ်ခုကို အကျဉ်းချုံး၍ တင်ပြချင်ပါတယ်ရှင်။ ကျွန်မတို့ရဲ့အိမ်နီးနားချင်းနိုင်ငံတစ်ခု၌ ဗဟုသုတနည်းပါးသော မိသားစုတစ်ခုတွင် မိခင်၏လက်ကိုင်ဖုန်းကို မိခင်မသိဘဲ အသက်ရှစ်နှစ်အရွယ်သားဖြစ်သူက အခကြေးငွေပေးဆောင်ရသော အင်တာနက်ဂိမ်းများကို ယူဆော့ကစားခဲ့ရာမှ တဖြည်းဖြည်းနဲ့ ငွေကြေးပမာဏမြောက်မြားစွာ ပေးဆောင်ရတဲ့ အခြေအနေသို့ ရောက်ရှိခဲ့ရပါတယ်။ ၎င်းငွေကြေးဟာ မိခင်ဖြစ်သူမတတ်နိုင်သောငွေကြေးပမာဏတစ်ခုဖြစ်ပါတယ်ရှင်။ ၎င်းကိစ္စကို သက်ဆိုင်ရာကုမ္ပဏီမှ ငွေတောင်းခံလွှာစာများ မိခင်ထံ ရောက်ရှိလာမှ မိခင်ဖြစ်သူမှာ အလွန်ပင်အံ့သြထိန့်လန့်တုန်လှုပ်ပြီးတော့ သက်ဆိုင်ရာကော်မရှင်ထံ အကျိုးအကြောင်းကို အသနားခံစာတင်ပြ၍ ကော်မရှင်မှစုံစမ်းသည့်အခါ အဖြစ်မှန်ကိုသိရှိသွား၍ ပြည်သူဘက်မှရပ်တည်၍ ဖြေရှင်းခဲ့ရတဲ့အဖြစ်တစ်ခုရှိခဲ့ပါတယ်ရှင်။

နောက်တစ်ခုက ကျွန်မတို့ရဲ့မြန်မာနိုင်ငံမှာ မြန်မာ့ဆက်သွယ်ရေးက ပြည်သူများအတွက် ရောင်းချပေးနေတဲ့ ၁၅၀၀ တန်ဆင်းကတ်များကို ပြည်သူများက ဝမ်းသာစွာ ကြိုဆိုလျက်ရှိပါတယ်။ ဒါပေမယ့် ဒီ ၁၅၀၀ တန်ဆင်းကတ်ကို မြို့ကြီးများမှာပဲရောင်းချပြီးတော့ တချို့မြို့နယ်များမှာ ရောင်းချပေးမှုမရှိတာကိုလည်း ကျွန်မအနေနဲ့သိရှိခဲ့ရပါတယ်ရှင်။ ဒါကြောင့် ဒီ ဟန်းဆက်တွေကို တရားဝင်ရောင်းချတဲ့ဆိုင်များကလည်း ဟန်းဆက်နဲ့တွဲဖက်ပြီးတော့ ဒီဖုန်း ၁၅၀၀ တန်ဆင်းကတ်ကို ရောင်းလာတာရှိတယ်။ နောက်တစ်ခုက ၁၅၀၀ တန် ဖုန်းဆင်းကတ်ကို ၁၅၀၀၀ ကနေ ၂၀၀၀၀ အထိ ရောင်းနေတာကိုလည်း ကျွန်မတို့အနေနဲ့ ကြားသိနေခဲ့ရပါတယ်ရှင်။ ဒါကြောင့် ကျွန်မမေးချင်တဲ့မေးခွန်း နှစ်ခု

ရှိပါတယ်ရှင်။ တစ်ခုက ကျွန်မတို့ရဲ့မြန်မာနိုင်ငံမှာ နိုင်ငံခြားကုမ္ပဏီများမှ ဆက်သွယ်ရေးလုပ်ငန်းများအတွက် လုပ်ကိုင်ဆောင်ရွက်ရာတွင် ပြဿနာများပေါ်ပေါက်လာပါက ဖြေရှင်းပေးရန် ကော်မတီ/ကော်မရှင်များ ဖွဲ့စည်းထားမှု အစီအစဉ်ရှိ/မရှိနှင့် ဒီလိုရောင်းဝယ်နေသော ဖုန်းဆိုင်များကို ဌာနအနေဖြင့် အရေးယူဆောင်ရွက်ထားမှု အစီအစဉ်ရှိ/မရှိဆိုတာကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းရတာဖြစ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းသန်း(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး၊ ဧည့်သည်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း ကျွန်တော့်အနေနဲ့ ဦးစွာပထမ လေးစားစွာ ဆန္ဒပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဖြစ်ပါတယ်။ ရေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်းရဲ့ မေးခွန်းများနှင့်ပတ်သက်ပြီးတော့ ကျွန်တော် ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဆက်သွယ်ရေးလုပ်ငန်းတွေကို လုပ်ကိုင်ဆောင်ရွက်နေတဲ့လူတွေအချင်းချင်း အငြင်းပွားမှုတွေ ပေါ်ပေါက်လာမယ်ဆိုရင် ကျွန်တော်တို့ ထုတ်ပြန်ထားတဲ့ ဆက်သွယ်ရေးဥပဒေ အခန်း(၁၄) ပုဒ်မ ၅၀၊ ၅၁ တို့အရ ကျွန်တော်တို့ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ကနေပြီးတော့ တာဝန်ယူဖြေရှင်းပေးသွားမှာဖြစ်ပြီးတော့ အခြားသောပြဿနာများ ပေါ်ပေါက်တယ်ဆိုလို့ရှိရင်လည်း တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီးတော့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ထို့အတူ ဆက်သွယ်ရေးဥပဒေ အခန်း (၁၉) အထွေထွေကဏ္ဍ ပုဒ်မ ၇၄ မှာ ဖော်ပြထားရှိတဲ့ အမျိုးသားဆက်သွယ်ရေးအကြံပေးကော်မတီကိုလည်းကောင်း၊ ပုဒ်မ ၈၆ မှာဖော်ပြထားတဲ့ မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင်ကိုလည်းကောင်း ကျွန်တော်တို့ ဖွဲ့စည်းဖို့ စီစဉ်ဆောင်ရွက်နေဆဲဖြစ်ပြီးတော့ မကြာမီကာလမှာပဲ အကောင်အထည်ပေါ်လာမှာဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။

**မူကြမ်း**

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့မေးခွန်း နောက် တစ်ခုကျန်ပါသေးတယ်။ ကျွန်မမေးချင်တဲ့မေးခွန်းက မြန်မာ့ဆက်သွယ်ရေးမှ ချထားပေးတဲ့ MPT ဆင်းကတ်ပါရှင့်။ အဲ့ဒါကို တရားဝင်အနေနဲ့ ဝန်ကြီးဌာနမှ ချထားပေးတဲ့ဆိုင်တွေ ရှိပါတယ်။ ဒါပေမယ့် အဲ့ဒီဆိုင်တွေက ဟန်းဆက်နဲ့တွဲရောင်းတာလည်းရှိတယ်။ ပြီးတော့ ၁၅ဝဝ မဟုတ်ဘဲနဲ့ ၁၅ဝဝဝ တို့ကနေ ၂ဝဝဝဝ အထိ အဲ့ဒါလည်း ဝန်ကြီးအနေနဲ့ ဖြေနိုင်ရင်ဖြေပေးပါလို့ မေတ္တာရပ်ခံပါ တယ်ရှင့်။

**ဦးဝင်းသန်း(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန)** ။ ။ ဒေါ်မိမြင့်သန်း မေးတဲ့မေးခွန်း လက်တွေ့အခြေအနေမှာ တချို့သောမြို့နယ်များမှာ ဖြစ်ပေါ် နေတာ အမှန်ပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ သက်ဆိုင်ရာ တာဝန်ပေးထားတဲ့ Distributor တွေ direct ရောင်းချဖို့၊ direct sale တာဝန်ပေးထားတဲ့ ပုဂ္ဂိုလ်တွေကို ကျွန်တော်တို့ တိတိကျကျနဲ့ သတ်မှတ်ထားတဲ့နှုန်းထားနဲ့ပဲရောင်းပြီးတော့ တခြားသော မိမိရဲ့ကိုယ်ကျိုးအတွက် ငွေဖြည့်ကတ်တွေနဲ့တွဲရောင်းတာ၊ ထို့အတူ တန်ဖိုးမြှင့်ပြီးရောင်းတာ၊ တယ်လီဖုန်းအခွံတွေနဲ့တွဲပြီး ရောင်းတာမျိုးမဖြစ်ဖို့အတွက် ကျွန်တော်တို့ သတိပေးကြေညာထားပြီး ဖြစ်ပါတယ်။ သတိပေး ပြောကြားထားပြီးဖြစ်ပါတယ်။ တကယ်လို့ ဆက်လက်ပေါ်ပေါက်မယ် ဆိုလို့ရှိရင် ဒီကိစ္စတွေနဲ့ပတ်သက်ပြီးတော့ အရေးယူဆောင်ရွက်မှာဖြစ်သလို၊ တစ်ဖက်ကလည်း ဒီဆိုင်တွေ၊ ဒီကုမ္ပဏီတွေကို ဆက်လက်ရောင်းချခွင့် ပိတ်သိမ်းသွားမှာဖြစ်ကြောင်း ကျွန်တော် ပြန်လည်ဖြေရှင်းတင်ပြအပ်ပါတယ်။

**ရပ်စောက်မြို့တွင် တယ်လီဖုန်းလိုင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်ရေးအတွက် လက်ရှိတာဝါတိုင်အား မြေအနေအထားအရ သင့်လျော်သောနေရာသို့ ရွှေ့ပြောင်းတည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားကိုယ်စားလှယ်၊ ဒုတိယဗိုလ်မှူးကြီးသိမ်းထွဋ်မှ မေးမြန်းဖို့ဖြစ်ပါ တယ်။

**ဒုတိယဗိုလ်မှူးကြီးသိမ်းထွဋ်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးသို့တက်ရောက်လာတဲ့သူအားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၁၈၈ဝ ဒုတိယ ဗိုလ်မှူးကြီး သိမ်းထွဋ်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ရပ်စောက်မြို့နယ်၊ ရပ်စောက်မြို့မှာ ယခင်က

CDMA 450 MHz နှင့် 800 MHz ဖုန်းတွေကို လိုင်းဆွဲအားကောင်းမွန်စွာ ပြောဆိုနိုင်ခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်၊ ဩဂုတ်လမှာ ရပ်စောက်မြို့၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း စာတိုက်ဝင်းအတွင်းမှာ နေရာ ရွေးချယ်ပြီး GSM တာဝါတိုင်ကို စတင်တည်ဆောက်ခဲ့တာ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့မှာ စတင်အသုံးပြုနိုင်ခဲ့ပါတယ်။ လက်ရှိအခြေအနေမှာ တယ်လီဖုန်းအလုံးရေ ၅၃၀၀ လုံးခန့် တပ်ဆင်အသုံးပြုလျက်ရှိပါတယ်။ ဒါပေမယ့် တာဝါတိုင်တပ်ဆင်ထားတဲ့နေရာဟာ မြို့တည်ရှိရာ မြေ မျက်နှာပြင်ညီတဲ့နေရာမှာ တည်ဆောက်ထားပြီး တောင်ပေါ်ဒေသဖြစ်တဲ့အတွက် မြေအနိမ့်အမြင့် ကွာခြားမှုတွေကြောင့် ရပ်စောက်မြို့အတွင်းမှာပင် တယ်လီဖုန်းလိုင်းများ ကောင်းစွာမမိခြင်း၊ လိုင်းမိတဲ့ အနေအထားများ မတူညီခြင်းတို့ တွေ့ရှိရပါတယ်။ ဒ့ါအပြင် တပ်ဆင်ထားတဲ့ စက်အမျိုးအစားဟာ ဆိုရင် အဝေးလိုင်း 2E14N ဖြစ်တဲ့အတွက် သုံးစွဲမှုအင်အားဟာလည်း သတ်မှတ်ချက်ထက် ပိုမိုလျက်ရှိ ပါတယ်။

ဒါကြောင့် ရပ်စောက်မြို့မှာ တပ်ဆင်ထားတဲ့ GSM တာဝါတိုင်နဲ့ တပ်ဆင်ထားတဲ့စက်တွေဟာ တပ်ဆင်ထားတဲ့နေရာအနေအထားမကောင်းခြင်း၊ တယ်လီဖုန်းလိုင်းအင်အား မမျှတခြင်း၊ လွှင့်ထုတ် နိုင်တဲ့အင်အားနည်းခြင်း၊ လွှမ်းခြုံနိုင်တဲ့အနေအထားနည်းပါးခြင်းများ ဖြစ်ပေါ်လျက်ရှိပါတယ်။ ဒ့ါအပြင် တယ်လီဖုန်းလိုင်းတွေကိုလည်း ထပ်မံရောင်းချပေးလျက်ရှိပြီး နောက်ထပ်လည်း ရောင်းချ သွားဖို့အစီအစဉ်ရှိကြောင်း သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ ရှမ်းပြည်နယ်၊ ရပ်စောက်မြို့နယ်၊ ရပ်စောက်မြို့မှာ တပ်ဆင် ထားတဲ့ GSM စနစ်သုံးတယ်လီဖုန်းတာဝါတိုင်ဟာ မြို့တွင်းတွင်သာ တပ်ဆင်ထားတဲ့အတွက်ကြောင့် လည်းကောင်း၊ တောင်ပေါ်မြို့ဖြစ်တဲ့အတွက် မြေအနိမ့်အမြင့် ကွာခြားမှုကြောင့်လည်းကောင်း ရပ်စောက်မြို့အတွင်းမှာပင် တယ်လီဖုန်းလိုင်းမိတဲ့အနေအထားများ မတူညီတဲ့အတွက် GSM တယ်လီဖုန်းလိုင်း ကောင်းမွန်စွာဖမ်းယူရရှိရေး လက်ရှိတပ်ဆင်ထားတဲ့တာဝါတိုင်ကို မြေအနေအထား အရ သင့်တော်ရာနေရာသို့ ရွှေ့ပြောင်းတည်ဆောက်ခြင်း ဒါမှမဟုတ် တာဝါတိုင် ထပ်မံတည်ဆောက် ခြင်းများ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိကို ဒေသခံပြည်သူများကိုယ်စား မေးမြန်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ရှင်းလင်းတင်ပြဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းသန်း(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသိမ်းထွဋ်ရဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ကျွန်တော်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ် စာတိုက်ဝင်းအတွင်းမှာ အမြင့် ၄၂ မီတာရှိတဲ့တာဝါတိုင်နှင့် GSM စခန်းတစ်ခု တည်ဆောက်တပ်ဆင်ထားရှိပါတယ်။ နည်းပညာပိုင်းဆိုင်ရာအဆင့်မြှင့်တင်ပေးထားပြီးတော့ လိုင်းအင်အားကိုလည်း တိုးချဲ့တပ်ဆင်ပေးထားပြီး ဖြစ်ပါတယ်။ ဗထူးတပ်မြို့ အိတ်ချိန်းမှာ အမြင့် ၃၂ မီတာရှိတဲ့ တာဝါတိုင်နဲ့ CDMA-800 MHz စခန်းတည်ဆောက်တပ်ဆင်ထားရှိပြီးတော့ ရပ်စောက်မြို့နယ်မှာရှိတဲ့ မိုးမခတောင်ပေါ်မှာလည်း အမြင့် ၂၂ မီတာရှိတဲ့တာဝါတိုင်နဲ့ CDMA-450 MHz စခန်းကို တည်ဆောက်တပ်ဆင်ထားရှိပါတယ်။ ကျွန်တော်တို့ ပြောဆိုဆက်သွယ်နိုင်တဲ့ လွှမ်းခြုံမှုဧရိယာ ပိုမိုရရှိနိုင်ရန်အတွက် နည်းပညာပိုင်းဆိုင်ရာကိစ္စရပ်များကို ကွင်းဆင်းစိစစ် ဆောင်ရွက်ပေးသွားပါမယ်။ အဲ့ဒီလို စိစစ်တွေ့ရှိချက်များအပေါ် အခြေခံပြီးတော့ တာဝါတိုင် ရွှေ့ပြောင်းတည်ဆောက်ရေးကို လိုအပ်ခြင်းရှိ/မရှိနှင့် တကယ်လို့ လိုအပ်လို့ရှိရင်လည်း သက်ဆိုင်ရာပြည်နယ်အစိုးရနှင့် ညှိနှိုင်းပြီးတော့ ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ရိုသေလေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၀း၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို ဦးခိုင်မောင်ရည်၊ အလုံမဲဆန္ဒနယ်က ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့တွင် တင်သွင်းခဲ့တဲ့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာနှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်က အမည်စာရင်းတင်သွင်းထားပါတယ်။ ဦးခိုင်မောင်ရည်အား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို ကျွန်တော့်အနေနဲ့ ဆွေးနွေးဖို့ အချက် ၁၀ ချက်ခန့်ရှိပါသော်လည်း အချက် ၃ ချက်ကိုသာ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပြီးတော့ အခြားကိုယ်စားလှယ်များကလည်း လာရောက်ဆွေးနွေးပြောဆိုမှုများရှိခဲ့ပါတယ်။ ယနေ့ ဆွေးနွေးတဲ့အခါမှာ ကျွန်တော်တစ်ဦးတည်းလို့ဖြစ်သော်လည်းပဲ အခြားကိုယ်စားလှယ်များအနေနဲ့ ဆွေးနွေးမှုမှာ အချို့မှာ ဒီလွှတ်တော်ရဲ့အချိန်ကို လေးစားလိုတာကတစ်ကြောင်း၊ တချို့ Soft Copy ရတဲ့ ကိုယ်စားလှယ်များအနေနဲ့ မိမိတို့ရဲ့ မေးခွန်း၊ အဆိုတွေကို ပြန်လည်စစ်ဖို့အချိန်နည်းတာကြောင့် တစ်ကြောင်းကြောင့်မို့လို့ သူတို့အနေနဲ့ ဆွေးနွေးဖို့ စာရင်းပေးနိုင်ခြင်းမရှိခဲ့ဘူးဖို့သိရပါတယ်။ အချို့လွှတ်တော်ကိုယ်စားလှယ်များက ကျွန်တော်ကိုလာပြီးတော့မှ သူတို့ဆွေးနွေးလိုတဲ့ အချက်တချို့ကိုတင်ပြပေးဖို့ သူတို့လာရောက်ပြောဆိုတဲ့အတွက် ကျွန်တော့်အနေနဲ့ ၎င်းတို့ကိုယ်စားလည်း အနည်းငယ်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်ကို အနည်းငယ်အချိန်ပိုပေးစေလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်အားလုံးရဲ့ ဆန္ဒအရ အားလုံးဆိုရင် ကျွန်တော့်ဆီလာရောက်ပြောဆိုတဲ့ ကိုယ်စားလှယ်တွေအနေနဲ့ ၎င်းတို့ရဲ့ မေးခွန်းအဆိုတွေမှာ ၁၀၀ ရာခိုင်နှုန်းအစိုးရက ဆောင်ရွက်ပြီးစီးပြီဆိုတဲ့အချက်တွေပါပါတယ်။ အဲဒီ ၁၀၀ ရာခိုင်နှုန်းပြီးစီးပြီဆိုတဲ့အချက်တွေဟာ တကယ့်မြေပြင်မှာ သွားကြည့်တဲ့အခါမှာ ၁၀၀ ရာခိုင်နှုန်းမပြီးသေးတာတွေကို လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ တွေ့ခဲ့ရပါတယ်လို့ပြောပါတယ်။ အဲဒီတော့ ၁၀၀ ရာခိုင်နှုန်းပြီးစီးပြီ မပြီးစီးဘူးဆိုတာက ဒီမြေပြင်အခြေအနေကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်တွေက သိကြရတာဖြစ်ပါ

တယ်။ ဒါပေမယ့် စာထဲမှာ ဖော်ပြထားတဲ့ ၁၀၀ ရာခိုင်နှုန်းပြီးစီးပြီဆိုတဲ့အနေအထားက ဘယ်ဟာတွေကိုထောက်ထားပြီးပြောတယ်ဆိုတာကို ကျွန်တော်တို့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီအနေနဲ့ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များနဲ့ ပြန်လည်ဆွေးနွေးသင့်ကြောင်းကို လွှတ်တော်ကိုယ်စားလှယ်တွေက ကျွန်တော့်ကို ဆွေးနွေးပြောဆိုလာပါတယ်။ နောက်တစ်ခုက လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ဆန္ဒရှိတာက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီအနေနဲ့ သက်ဆိုင်ရာနယ်မြေတွေကို ကွင်းဆင်းမယ်ဆိုရင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များကို အရင်ဦးစွာဆွေးနွေးစေချင်ပါတယ်လို့ အကြံပြုမှုလည်းရှိပါတယ်။

နောက် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ကွန်ပျူတာလူတိုင်းမှာ မရှိနိုင်ဘူးလို့လာရောက်ပြောဆိုတဲ့ ကိုယ်စားလှယ်များလည်းရှိပါတယ်။ ကွန်ပျူတာလူတိုင်းမှာမရှိတဲ့အတွက် Soft Copy ပေးရုံနဲ့ ကျွန်တော်တို့ Data တွေကို အတိအကျအားလုံးမသိနိုင်ဘူးလို့ ပြောတဲ့လူရှိသလို အချိန်အရနည်းတဲ့အတွက် အကယ်၍ Hard Copy ဖြစ်တဲ့ စာရွက်စာတမ်းများရမယ်ဆိုရင် ချက်ချင်းလှန်ကြည့်နိုင်တဲ့အတွက် မိမိသက်ဆိုင်ရာ မိမိရဲ့မေးခွန်းကို၊ အဆိုကို ကြည့်ခြင်းကြောင့်မို့လို့ ဘယ်အချက်တွေက လိုအပ်ချက်ရှိတယ်ဆိုတာကို ချက်ချင်းပြောနိုင်တဲ့လူဖြစ်တဲ့အတွက် စာရွက်စာတမ်းများ အကယ်၍ရနိုင်မယ်ဆိုပါကလည်း ရချင်တယ်ဆိုတဲ့အကြောင်း၊ ပြီးတော့ ဒီ Soft Copy ကိုကြည့်နိုင်တဲ့သူ အရေအတွက်နည်းတယ်ဆိုတဲ့အကြောင်းကိုလည်း လာရောက်ပြောဆိုမှုရှိပါတယ်။ အဲဒီအတွက်ဖြစ်နိုင်ရင် စာရွက်စာတမ်းများရချင်တဲ့ ဆန္ဒရှိကြောင်းကိုလည်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထပ်ပြီးတော့ ကျွန်တော်ရဲ့ အကြွေးကျန်ခဲ့တဲ့ အဆိုတစ်ခု အဌမပုံမှန်အစည်းအဝေးမှ အဆိုတစ်ခုနှင့် မေးခွန်းတစ်ခုကို ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဌမပုံမှန်အစည်းအဝေး လွှတ်တော်မှာ မေးခွန်းအနေနဲ့ ဒီကောလင်းမြို့နယ် ရေနစ်မြုပ်မှုကာကွယ်ရေး၊ စိုက်ပျိုးရေလုံလောက်မှုရရှိရေး၊ ဆောင်းသီးနှံ၊ နွေသီးနှံများ စိုက်ပျိုးခွင့်ရရှိနိုင်ရေး၊ နွေရာသီ ရေရှားပါးမှုမဖြစ်စေရေးတို့အတွက် အထောက်အကူပြုနိုင်ရန် ရေလှောင်တာတမံစီမံကိန်းတစ်ခုကို နိုင်ငံတော်မှ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိကို ကျွန်တော့်အနေနဲ့ မေးမြန်းခဲ့ပါတယ်။ အဲဒီဒေသဟာ မိုးမရွာတဲ့အခါမှာလည်း မိုးတော်တော်ခေါင်ပါတယ်။ ရွာလိုက်ပြန်ရင်လည်း အိမ်ရော၊ လူရော ရေမြုပ်တဲ့အထိဖြစ်တာတွေတွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ တာတမံလေးတစ်ခုဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိကို မေးတဲ့အခါမှာ သမ္မတရုံးဝန်ကြီးအနေနဲ့ ဝန်းသိုမြို့နယ်မှာ ဒေါင်းမြူးချောင်း

ရေလောင်တမံတစ်ခုတည်ဆောက်နေတယ်။ သစ်ဖြူပင်ရေလှောင်တမံ တည်ဆောက်နိုင်ရန်အတွက် ကြိုတင်စူးစမ်းလေ့လာမှုဆောင်ရွက်နေတယ်ဆိုတာကို ဖြေကြားခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ကောလင်းမြို့နယ်အတွက် ဒါဟာ နန်းလိုင်းချောင်းကိုအခြေပြုပြီးမှ တည်ဆောက်လို့ရမှာဖြစ်တဲ့ အတွက် နန်းလိုင်းချောင်းနှင့်ပတ်သက်ပြီး Survey လုပ်ပေးဖို့တင်ပြခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီး သက်ဆိုင်ရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက သက်ဆိုင်ရာ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆည်မြောင်းဦးစီးဌာနကို မေးမြန်းပြီးတော့ နန်းလိုင်းချောင်းနဲ့ ပတ်သက်တဲ့ ချောင်းပေါ်မှာတည်ဆောက်နိုင်မယ့် အနေအထားတစ်ခုကို ကျွန်တော်တို့ စူးစမ်းလေ့လာ ပြီးတော့မှ ဆက်လက်တင်ပြသွားမှာဖြစ်ကြောင်းကို လွှတ်တော်ကိုပြောခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့ အနေနဲ့ အခုအချိန်အထိ ဆောင်ရွက်ထားမှုအခြေအနေကို မသိရသေးတဲ့အတွက် သိလိုတဲ့အခြေ အနေရှိပါတယ်။

နောက်တစ်ခုအနေနဲ့ လွှတ်တော်မှာ ကျွန်တော့်အနေနဲ့ အဆိုတစ်ရပ်တင်သွင်းမှုပြုလုပ်ခဲ့ပါ တယ်။ အဋ္ဌမပုံမှန်အစည်းအဝေးမှာ ကျွန်တော့်အနေနဲ့ နေ့စဉ်အသစ်ထွက်ပေါ်နေတဲ့ သုံးစွဲနေတဲ့ ဝေါဟာရစကားလုံးစာသားများ ဆေးဖက်ဆိုင်ရာ၊ ပညာရပ်ဆိုင်ရာ၊ နည်းပညာဆိုင်ရာ အသုံးအနှုန်း များနှင့် နိုင်ငံခြားဘာသာအသုံးအနှုန်းများ မြန်မာအသံဖလှယ်သုံးစွဲရာတွင်လည်းကောင်း၊ မြန်မာစာ မြန်မာစကားအသုံးအနှုန်းများ စနစ်တကျခိုင်မာစွာတည်တံ့နိုင်ရေးနဲ့ စံပြုမြန်မာစာ၊ မြန်မာစကား၊ မြန်မာဝေါဟာရတို့ကိုသုံးစွဲရာတွင်လည်းကောင်း တစ်ပြေးညီသတ်မှတ်နိုင်ရေးနဲ့ သုံးစွဲသူအားလုံးက တစ်ပြေးညီလိုက်နာကျင့်သုံးနိုင်ရေးအတွက် အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းဆောင်ရွက်သင့်ကြောင်း အဆိုတင်သွင်းခဲ့တာဖြစ်ပါတယ်။ အဲဒီလို အဆိုတင်သွင်းတဲ့အခါမှာ ကျွန်တော့်အနေနဲ့ မြန်မာစာဖွံ့ဖြိုး တိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခဲ့ပြီးတော့ ဆရာကြီးတွေ၊ စာပေပညာရှင်ကြီးများ သူတို့ရဲ့ဆန္ဒအရ လွှတ်တော်ကိုယ်စားလှယ်ကြီးတွေက ဆောင်ရွက်ပေးဖို့ဆိုတဲ့ အကြံပြုချက်ကို ကျွန်တော်တို့ရယူခဲ့ပါတယ်။ အဲဒီအတွက်လည်း ကျွန်တော်တို့ ဒီအဆိုကို တင်ခဲ့တာဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်ပြီးတော့မှ လွှတ်တော်မှာ အဆိုကိုမှတ်တမ်းထားရှိဖို့ ဒုတိယဝန်ကြီး ပညာရေး ဝန်ကြီးဌာနမှ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ အကြံဉာဏ်များကို ရယူပြီးတော့မှ ကျွန်တော်တို့ ဆောင်ရွက်ရမယ့်အနေအထားရှိပါတယ်။ ပြီးတော့ မြန်မာစာအဖွဲ့ဦးစီးဌာနဆိုတာ တည်ရှိပြီးဖြစ်တဲ့ အတွက် ဒီအဖွဲ့ကိုလည်း အကြံဉာဏ်များပေးပြီးတော့ လုပ်ဆောင်သွားမယ်ဆိုရင် ကျွန်တော်တို့ ကလည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ အကြံဉာဏ်ရယူပြီးဆောင်ရွက်သွားမှာဖြစ်

ကြောင်းဆိုပြီးတော့ ဖြေသွားတာတွေ့ပါတယ်။ အဲဒီမှာ လွှတ်တော်အနေနဲ့တော့ မှတ်တမ်းထားပြီးတော့မှ သက်ဆိုင်ရာကော်မတီကလည်းပဲ ဒီဟာကိုစောင့်ကြည့်ပြီးတော့ ဆက်လက်ဆောင်ရွက်စရာရှိရင် ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်လို့ ပြောသွားပါတယ်။ ကျွန်တော်တို့အနေနဲ့ ဥပဒေများပြုစုတဲ့အခါမှာ နေ့စဉ်ထွက်ပေါ်လာတဲ့ နိုင်ငံခြားဘာသာစကားလုံးတွေ ဥပဒေထဲမှာ ရောနှောဝင်ရောက်နေပါတယ်။ အချို့ဘာသာစကားတွေကို ဘာသာပြန်ရခက်နေပါတယ်။ အချို့ဘာသာစကားတွေကို ဘာသာပြန်ပေးခြင်းမရှိတဲ့အတွက် ဒီစကားရဲ့အဓိပ္ပာယ်က နှစ်ခွထွက်တာ၊ သုံးခွထွက်တာတွေလည်းရှိပါတယ်။ အဲဒီစကားလုံးတွေကို ကျွန်တော်တို့က တိတိကျကျ ဘာသာပြန်ပေးပြီးတော့မှ ဒီဥပဒေမှာ ဒီလိုအဓိပ္ပာယ်ရပါတယ်ဆိုတာမျိုး ဖြစ်စေလိုပါတယ်။ အဲဒီအတွက် ကျွန်တော်တို့က သီးသန့်အဖွဲ့တစ်ဖွဲ့နဲ့ ဆောင်ရွက်ပေးစေလိုတဲ့ ဆန္ဒရှိပါတယ်။ ကျွန်တော်တို့ လွှတ်တော်ထဲမှာလည်း မြန်မာစာနှင့်ပတ်သက်တဲ့ ပညာရှင်ကြီးများဖြစ်ကြတဲ့ ဆရာမကြီးတို့၊ ဆရာကြီးဒေါက်တာစိုးရင်တို့၊ ပညာရေးကော်မတီက ဆရာကြီးတို့ရှိကြပါတယ်။ ဒါပေမယ့် ဒီအခုတင်သွင်းခဲ့တဲ့အဆိုက အခုအချိန်အထိ လှုပ်ရှားမှုကိုမတွေ့ရပါဘူး။ ဒီအတွက် ဒီဟာနဲ့ပတ်သက်ပြီးတော့မှလည်း ဘယ်လိုဆောင်ရွက်ထားတယ်ဆိုတာကို သိချင်ပါတယ်။

နောက်တစ်ခုကတော့ အဆိုအဖြစ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ကျွန်တော့်အနေနဲ့ အဆိုတစ်ရပ်တင်ခဲ့ပါတယ်။ ဒီအဆိုကို စာဖြင့်ဖြေကြားခဲ့ပါတယ်။ အဆိုမှာ ၁၉၇၅ ခုနှစ် နိုင်ငံတော်နှောင့်ယှက်ဖျက်စီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့မညီညွတ်တဲ့အတွက် ဒါကို ပြန်လည်ရုပ်သိမ်းပေးဖို့ဆိုတဲ့အဆို တင်သွင်းခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့မှ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးမှ ဖြေဆိုထားတာတွေ့ပါတယ်။ ဒီထဲမှာပါတဲ့အချက်အလက်တွေကို သူ့အနေနဲ့ ဒီဥပဒေဟာဖျက်သိမ်းဖို့ မလိုအပ်သေးဘဲနဲ့ ဆက်လက်ထားရှိဖို့ လိုအပ်ပါတယ်ဆိုတာရယ်၊ ဒီထဲမှာရှိတဲ့ စာသားအချို့ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့မညီဘူးဆိုရင် ပြန်လည်ပြင်ဆင်ဖို့ဆိုတာ ပြောခဲ့ပါတယ်။ ဒီနေရာမှာ နိုင်ငံသားတစ်ဦးဦးကို ကန့်သတ်ပိုင်ခွင့်ရှိသူဟာ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရတဲ့သူက ဖြစ်နေပါတယ်။ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံသားတစ်ဦးဦးကို ကန့်သတ်ပိုင်ခွင့်ရှိသူဟာ သမ္မတဖြစ်ပါတယ်။ ဒီအတွက် ဒီဥပဒေဟာ အလျင်အမြန်ပြင်ရမယ့်ဥပဒေဖြစ်တဲ့အတွက် အခုထက်ထိပြင်ဆင်ခြင်းကို မတွေ့ရသေးတဲ့အတွက် ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ ဘယ်လိုဆောင်ရွက်ထားတယ်ဆိုတာသိချင်တဲ့အတွက် ဒီအဆိုကို တင်ထားမှုကိုလည်း တင်ပြလိုပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ကျွန်တော်တို့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအနေနဲ့ ကျွန်တော်တို့ ကိုယ်စားလှယ်တွေရဲ့မေးခွန်းတွေ၊ အဆိုတွေကို မှတ်တမ်းပြုစုတဲ့အခါမှာ ဘယ်အဆိုတွေ၊ ဘယ်မေးခွန်းတွေက အစိုးရအနေနဲ့ ဘယ်လောက်ထိ ဆောင်ရွက်ပြီးပြီးဆိုတာ ကျွန်တော်တို့အနေနဲ့ တိတိကျကျသိဖို့တော့ တော်တော်ခက်ခဲပါတယ်ခင်ဗျား။ ပြီးတော့ မေးခွန်းတွေအနေနဲ့ ဘယ်လောက်ထိဆောင်ရွက်ထားပြီးပြီးဆိုတာကို ကျွန်တော်တို့ ကိုယ်စားလှယ်တွေအနေနဲ့ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအနေနဲ့ သက်ဆိုင်ရာ ဒေသဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ အနီးကပ်ပူးပေါင်းဆောင်ရွက်မှ ပိုပြီးတော့မှ မြန်ဆန်မှုပြီးတော့ လုပ်ငန်းမြန်ဆန်မှုပြီးတော့ လုပ်ငန်းတွေရဲ့ ပြီးစီးမှုတွေကို တိတိကျကျသိမှုတွေဖြစ်နိုင်ပါမယ်။ ဒီ့အတွက် ကျွန်တော်တို့ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနဲ့ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်ပေးဖို့လိုအပ်ပါတယ်လို့ တင်ပြရင်းနိဂုံးချုပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်ကတော့ အဆိုတင်သွင်းဖို့ အစီအစဉ်ဖြစ်ပါတယ်။ သို့ရာတွင် လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည် က အခုလိုတင်ပြတဲ့အတွက် အဆိုမတင်သွင်းခင် သက်ဆိုင်ရာကော်မတီအနေနဲ့ အခု ဦးခိုင်မောင်ရည် တင်ပြချက်အပေါ်များ ရှင်းလင်းတင်ပြရန်ရှိက ရှင်းလင်းတင်ပြနိုင်ပါတယ်။

## ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏အစီရင်ခံစာကို သဘောတူလက်ခံရန်အဆိုတင်သွင်းခြင်းနှင့်လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဦးသန်းမြင့်(အတွင်းရေးမှူး၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် အစိုးရအဖွဲ့ရဲ့ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အတွင်းရေးမှူး ဦးသန်းမြင့် ဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်မတီအနေနဲ့ အစီရင်ခံစာတင်ပြတဲ့အခါ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၈ နည်းဥပဒေခွဲ(ဃ)အရ တင်ပြတာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ မပြီးပြတ်တဲ့လုပ်ငန်းဆိုတဲ့ ပြဿနာရှိပါတယ်။

ဒါကိုလည်း အသေးစိတ်ဘယ်လောက်ရာခိုင်နှုန်းပြီးစီးပြီး ဘယ်လောက်ရာခိုင်နှုန်း မပြီးသေးဘူးဆိုတာ ကျွန်တော်တို့ CD ထဲမှာ ပါပြီးဖြစ်ပါတယ်။ ယခင်တုန်းကတော့ ကျွန်တော်တို့ စာအုပ်စာတမ်းနဲ့ ဝေငှတာဖြစ်ပါတယ်။ နောက်ပိုင်းမှာ ကျွန်တော်တို့ CD နဲ့ လုပ်ငန်းဆောင်ရွက်လို့ အဆင်ပြေတဲ့ အတွက် သက်ဆိုင်ရာအကြီးအကဲများရဲ့ လိုလားချက်၊ အခြေအနေပေါ်မူတည်ပြီး ကျွန်တော်တို့ CD နဲ့ဆောင်ရွက်တာဖြစ်ပါတယ်။ အဲ့တော့ ကျွန်တော်တို့ လုပ်ငန်းလုပ်တဲ့အခါမှာ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်တဲ့အခါမှာတော့ လုပ်ငန်းရဲ့သဘာဝအရ စနစ်တကျအချိန်ပေးပြီးတော့ ဆောင်ရွက်ရတဲ့လုပ်ငန်းတွေရှိသလိုမမျှော်လင့်တဲ့ သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တဲ့ပေါ်ပေါက် လာတဲ့အတွက် ဒီလုပ်ငန်းတွေကို ဦးစားပေးဆောင်ရွက်ရတဲ့အတွက်ကြောင့် တချို့သတ်မှတ်ချိန် အတွင်း မပြီးပြတ်တာတွေလည်း တွေ့ရပါတယ်။ (၂)ကတော့ ကျွန်တော်တို့ ကော်မတီအနေနဲ့ကတော့ ဒီကတိကဝတ်နဲ့ပတ်သက်ပြီးတော့ အားလုံးလုပ်ငန်းပြီးပြတ်တယ်လို့ တင်ပြတဲ့အခါမှာ အချက်အလက် ခိုင်မာဖို့က အလွန်အရေးကြီးပါတယ်။ ဒီလိုအချက်အလက်ခိုင်မာဖို့အတွက် သက်ဆိုင်ရာ အကောင် အထည်ဖော်တဲ့ ဝန်ကြီးဌာနရဲ့ တင်ပြချက်ပေါ်အခြေခံပြီး တင်ပြတာဖြစ်ပါတယ်။ အဲ့တော့ ကျွန်တော်တို့ သွားရောက်စစ်ဆေးဖို့ ခုနက ဦးခိုင်မောင်ရည် တင်ပြတဲ့ကိစ္စနဲ့ ပတ်သက်လို့ကတော့ ကျွန်တော်တို့ သွားရောက်ကွင်းဆင်းစစ်မယ်ဆိုလို့ရှိရင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်ခေါ်ဖို့ ကိစ္စ၊ နောက်တစ်ခုက ကျွန်တော် လွှတ်တော်ကိုယ်စားလှယ်နဲ့ ၁၀၀ ရာခိုင်နှုန်းပြီးစီးတဲ့အခါမှာ ညှိနှိုင်း ဖို့ကိစ္စ ဒီကိစ္စတွေကတော့ ကျွန်တော်တို့အနေနဲ့ ဆောင်ရွက်လို့ရပါတယ်။ ပြဿနာသိပ်မရှိပါဘူး။ သို့သော်လည်း ကျွန်တော်တို့ အဓိကကတော့ လုပ်ငန်းရဲ့သဘောသဘာဝပေါ်ကိုအခြေခံပြီး ဆောင်ရွက်ရတာဖြစ်တဲ့အတွက် တချို့သောကိစ္စတွေမှာ အချက်အလက်ခိုင်မာမှုရရှိစေရန်အတွက် ညှိနှိုင်းတဲ့အခါမှာ လာရောက်ညှိနှိုင်းနိုင်ဖို့ပဲလိုတာဖြစ်ပါတယ်။

ဒါ့ကြောင့်မို့လို့ ကျွန်တော်တို့က ကော်မတီအနေနဲ့ တင်ပြချင်တာကတော့ အခုတင်ပြတဲ့တင်ပြ ချက်တွေကို နောင်လာမယ့်အစီရင်ခံစာမှာ ပြေလည်အောင် ထပ်မံညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေး မယ်ဖြစ်ပါကြောင်းနဲ့ ကျွန်တော်တို့ အစီရင်ခံစာနဲ့ပတ်သက်လို့ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၀ နည်းဥပဒေခွဲ(ဃ)နှင့်အညီ ကော်မတီရဲ့အစီရင်ခံစာကို ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးပြီးဖြစ်တဲ့ အတွက် အဆိုပါအစီရင်ခံစာကို လွှတ်တော်က သဘောတူပေးပါရန် အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ပြည်သူ့လွှတ်တော် အစိုးရရဲ့ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် အစိုးရရဲ့ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော လျှပ်စစ်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့တဲ့ လျှပ်စစ်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို ၃၁-၇-၂၀၁၄ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာတဲ့အတွက် ၁၅-၉-၂၀၁၄ ရက်နေ့မှာ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့အသိပေးပြီး ပြင်ဆင်ချက်မိတ္တူများကို ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီက ပြန်လည်စိစစ်ပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် ၄၄ ချက်ကိုသဘောတူသင့်ကြောင်းနှင့် ၂၄ ချက်နှင့်စပ်လျဉ်းပြီး သဘောကွဲလွဲကြောင်း တင်ပြလာပါတယ်။ လျှပ်စစ်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များကို အတည်ပြုဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ဖိတ်ကြားထားတဲ့ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း လေးစားစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေက လျှပ်စစ်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်း

ကော်မတီရဲ့ စိစစ်ချက်အား တင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ၂၂-၉-၂၀၁၄ ရက်နေ့မှာ ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာ ဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ကြပါတယ်။ ဒီညှိနှိုင်းအစည်းအဝေးရဲ့သဘောတူ ဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအား အမျိုးသားလွှတ်တော်က ပြင်ဆင် အတည်ပြုခဲ့တဲ့ အချက်များအနက်မှ အောက်ဖော်ပြပါ ၄၄ ချက်အား အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင် ချက်များအတိုင်း လက်ခံရန်သဘောတူခဲ့ပါတယ်။ အဲ့ဒီပုဒ်မတွေကတော့-

အပိုဒ် ၂ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(ဈ)၊ အပိုဒ်ခွဲ(ဋ)၊ အပိုဒ်ခွဲ(ဌ)၊ အပိုဒ်ခွဲ(ဍ)၊ အပိုဒ်ခွဲ (တ)၊ အခန်း(၂) အပိုဒ် ၃ အပိုဒ်ခွဲ(က)၊ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၃ အပိုဒ်ခွဲ(ခ)အား ပယ်ဖျက်ခြင်း၊ အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)နှင့် အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(စ)၊ အခန်း(၃) အပိုဒ် ၄ အပိုဒ်ခွဲ(ခ)နှင့် အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၅ အပိုဒ်ခွဲ(ဇ)၊ အပိုဒ်ခွဲ(ဍ)၊ အခန်း (၄) အပိုဒ် ၇ အပိုဒ်ခွဲ(က)၊ အပိုဒ် ၈ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲ(င)၊ အပိုဒ် ၉ အပိုဒ်ခွဲ(ဂ)၊ အခန်း(၅) အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၆၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲငယ်(၁)၊ အခန်း (၆) အပိုဒ် ၂၈၊ အခန်း(၇) အပိုဒ် ၃၁၊ အပိုဒ် ၃၂ အပိုဒ်ခွဲ(ဂ)၊ အခန်း(၁၃) အပိုဒ် ၅၄၊ အပိုဒ် ၅၅၊ အပိုဒ် ၅၆၊ အပိုဒ် ၅၇၊ အပိုဒ် ၅၈၊ အပိုဒ် ၅၉၊ အပိုဒ် ၆၀၊ အပိုဒ် ၆၁၊ အပိုဒ် ၆၂၊ အပိုဒ် ၆၃၊ အခန်း(၁၄) အပိုဒ် ၆၅၊ အပိုဒ် ၆၆၊ အပိုဒ် ၆၈ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ)၊ ပြည်သူ့လွှတ်တော်၏အတည်ပြုချက် ၆၇ ကို ပယ်ဖျက်ခြင်းတို့ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးရဲ့ ညှိနှိုင်းသဘောတူညီချက်အရ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း မဟုတ်ဘဲ သဘောထားကွဲလွဲတဲ့ ၂၄ ချက်ကို ဆက်လက်ဖော်ပြမှာဖြစ်ပါတယ်။ ဒီအချက်အလက်များ ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားပြီးလည်း ဖြစ်ပါတယ်။ အဲ့ဒီပုဒ်မတွေက တော့ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ထ)၊ အပိုဒ်ခွဲ(ဖ)၊ အပိုဒ်ခွဲ(လ)၊ အပိုဒ်ခွဲ(အ)၊ အခန်း(၂) အပိုဒ် ၃ အပိုဒ်ခွဲ(ဆ)၊ အခန်း(၃) အခန်း(၃)ခေါင်းစဉ်၊ အပိုဒ် ၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၅ ခြေဆင်း၊ အပိုဒ် ၅ အပိုဒ် ခွဲ(ထ)၊ အပိုဒ် ၆၊ အခန်း(၄) အပိုဒ် ၁၀ အပိုဒ်ခွဲ(ခ)၊ အခန်း(၅) အပိုဒ် ၂၆၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)

အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲငယ်(၃)၊ အပိုဒ် ၂၇၊ အခန်း(၇) အပိုဒ် ၃၂ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၂ အပိုဒ်ခွဲ(ဆ)၊ အခန်း(၈)၊ အပိုဒ် ၃၅ အပိုဒ်ခွဲ(က)၊ အခန်း(၁၅) အပိုဒ် ၆၉၊ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၆၃ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၆၅၊ အပိုဒ် ၆၆၊ အခန်း(၁၆) အပိုဒ် ၇၃၊ အပိုဒ် ၇၄ တို့ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အခုနက ရှင်းလင်း တင်ပြခဲ့တဲ့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်အတိုင်း သဘောတူသည့်အချက် ၄၄ ချက်နှင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူသည့်၊ သဘောထားကွဲလွဲ သည့် ၂၄ ချက်တို့အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လျှပ်စစ်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက တင်ပြသွားတဲ့ပြင်ဆင်ချက် ၄၄ ချက်ကို အမျိုးသားလွှတ်ရဲ့ပြင်ဆင်ချက် အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေ ကြမ်းကော်မတီက တင်ပြသွားတဲ့ ပြင်ဆင်ချက် ၄၄ ချက်ကို အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက် အတိုင်း သဘောတူကြောင်းနှင့် ၎င်းဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါ တယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လျှပ်စစ်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် ၂၄ ချက်ကို အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက် အတိုင်း သဘောမတူကြောင်း တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် လျှပ်စစ် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် ၂၄ ချက်ကို အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အတိုင်း သဘောမတူကြောင်း တင်ပြချက်ကို အတည်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော လျှပ်စစ်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦး အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော လျှပ်စစ်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် ၂၄ ချက်ကို လွှတ်တော်က သဘောမတူကြောင်း အတည်ပြုပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က) အရ ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးအောင်မြသန်း(ညောင်တုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသောဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးအောင်မြသန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များနှင့် ပြန်လည်ပေးပို့လာတဲ့ လျှပ်စစ်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲချက် ၂၄ ချက်အား ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးဆုံးဖြတ်နိုင်ရန် လွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးတင်ဝင်း(ကောလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာတဲ့ လျှပ်စစ်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှုများရှိပါသဖြင့် ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးဆုံးဖြတ်နိုင်ပါရန် တင်ပြသင့်ကြောင်း ညောင်တုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြသန်း တင်သွင်းတဲ့အဆိုကို စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းက ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့ ၂၄ ချက်နဲ့ပတ်သက်၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့သော လျှပ်စစ်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ ပြန်လည်ဆွေးနွေးခဲ့ရာတွင် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောကွဲလွဲချက်၂၄ ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လျှပ်စစ်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်မှာ ဖွဲ့စည်းထားတဲ့ကော်မတီက ၃၀-၈-၂၀၁၃ ရက်နေ့မှာ ရေးဆွဲပြီး စတင် တင်ပြခဲ့ပါတယ်။ ဒီအပေါ် လွှတ်တော်မှာ ဆွေးနွေးနေစဉ် ၂-၂-၂၀၁၄ မှာ ပြည်ထောင်စုအစိုးရ သက်ဆိုင်ရာဝန်ကြီးဌာနက ဥပဒေကြမ်းတစ်ခု ထပ်မံတင်ပြလာပါတယ်။ ဒီနှစ်ခုအပေါ် မူတည်ပြီးတော့ ဆွေးနွေးတဲ့နေရာမှာ အခုနက တင်ပြပါအတိုင်း အခြေအနေရောက်ရှိပါတယ်။ ကျွန်တော်တင်ပြချင်တာက ဒီဥပဒေဖြစ်လာဖို့အတွက် ၃၀-၈-၂၀၁၃ ဆိုတဲ့အတွက် ဒီနေ့ တစ်နှစ်ကျော်လာပါပြီ။ ဒီနေရာမှာ ဒီဥပဒေမျိုး မြန်မာနိုင်ငံမှာ မရှိခဲ့တဲ့အတွက် တော်တော်လေးကို သတိထားရေးဆွဲခဲ့သလို သတိထားပြီးတော့လည်း အားလုံးဝိုင်းဝန်းပြင်ဆင်တဲ့နေရာမှာ တစ်နှစ်ကျော်ကာလမှာ အခုအခြေအနေရောက်လာပါတယ်။ ဒီသဘောမတူညီချက် ၂၄ ချက်ကိုလည်း ပြည်ထောင်စုလွှတ်တော်မှာ ဆက်လက်ပြီးတော့ တင်ပြဆွေးနွေးရမှာဖြစ်ပါတယ်။ ကျွန်တော် ဒီမှာ တင်ပြချင်တာက ဥပဒေတစ်ရပ်ဖြစ်လာဖို့ဆိုတဲ့နေရာမှာ အချိန်မည်မျှပေးရသည်၊ မည်မျှအားထုတ်ရသည် ဆိုတာကို သိရှိပြီးတဲ့အခါမှာ ဥပဒေကောင်းတစ်ခု ဖြစ်ပေါ်လာနိုင်ဖို့အတွက် အားလုံးပါဝင်ဆောင်ရွက်နိုင်မှုဟာ အရေးကြီးကြောင်း တင်ပြလိုတဲ့အတွက် တင်ပြရခြင်းဖြစ်ပါတယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁)ရက်မြောက်နေ့ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ရက်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက် (တနင်္လာနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို ၁၁း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]